# မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် မန္တလေးဘဏ်ခွဲ ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ



**မန္တလေး ဇူလိုင် ၂၄**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မန္တလေးဘဏ်ခွဲအဆောက်အဦ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံ အနောက်ရပ်ကွက်၊ ၈၄လမ်း၊ ၂၉လမ်းနှင့် လမ်း၃၀ ကြားရှိ အဆိုပါ မြေနေရာတွင် ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးသိန်းဌေး၊ မြန်မာ့ရင်းနှီး မြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ဆန်းထွန်း၊ မန္တလေးဘဏ်ခွဲ တာဝန်ခံ၊ ဒုတိယအထွေထွေမန်နေဂျာ ဒေါ်သီသီအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာန၊ အဆောက်အဦ အထူးအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သဇင်မြင့်၊ တာဝန်ခံ အင်ဂျင်နီယာ ဒေါ်သီရိအောင် နှင့်အဖွဲ့၊ ဘဏ်ခွဲမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည့်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်္ဂလာအချိန်တွင် တိုင်းဒေသကြီးဝန်ကြီး ဦးသိန်းဌေး၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဘဏ်ခွဲတာဝန်ခံတို့က သတ်မှတ်နေရာအသီးသီးတွင် ပန္နက်တင်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကြကာ စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် အဆောက်အဦ အထူးအဖွဲ့(၆)၊ ဒုတိယညွှန်ကြားရေးမှူးဒေါ်သဇင်မြင့်က အဆောက်အဦ ဆောက်လုပ်ခြင်း၊ ရေ၊ မီး၊ မိလ္လာနှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်မည့်လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြပြီးနောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ဆန်းထွန်းက ကျေးဇူးတင်စကားပြော ကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ မန္တလေးဘဏ်ခွဲသည် အလျား ၄၅ပေ၊ အနံ ၃၄ပေရှိပြီး RC Structure ငါးထပ်အဆောက်အဦဖြစ်ကြောင်း သိရသည်။

**(ဝ၉၃)**



# ပြည်သူ့စကားဝိုင်း(Public Talk)ကျင်းပ

**မန္တလေး ဇူလိုင် ၂၄**

နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့် ဒီမိုကရေစီစနစ်၏ အင်္ဂါရပ်များနှင့်အညီ အများပြည်သူနှင့် အစိုးရအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းကိစ္စများနှင့် အခွင့်အလမ်းများအား ဖော်ဆောင်ပေးရန်၊ မိမိရပ်ရွာတွင် ဖြစ်ပေါ်နေသည့်ကိစ္စများကို ဆွေးနွေးမှုရှိလာစေရန်နှင့် ပြည်သူများ၏ စဉ်းစားတွေးခေါ်မှု မြင့်မားလာစေပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်ကာ ပြည်သူ့စကားဝိုင်း(Public Talk)ကို ချမ်းအေးသာစံမြို့နယ်၊ အိမ်တော်ရာဘုရားဝင်းအတွင်းရှိ ၁၄ ခန်းမွှာရုံ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ပြည်သူ့စကားဝိုင်း(Public Talk) ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့စကားဝိုင်း(Public Talk)ကျင်းပဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာငြိမ်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးစိုင်းထွန်းလှ၊ လျှပ်စစ်မန်နေဂျာရုံး မြို့နယ်လျှပ်စစ်မန်နေဂျာ ဒေါ်အေးအေးမိုးနှင့် အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းထွန်းတို့က "ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ သက်ဆိုင်ရာ ကဏ္ဍအလိုက်လုပ်ငန်းဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသော ပြည်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ချမ်းမြေ့မောင်(ချမ်း/စံ)**

၀-၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀-၀

# အမှိုက်များ စနစ်တကျ ခွဲခြားစွန့်ပစ်ရေး ပညာပေးဆွေးနွေးပွဲ အလကခွဲ(၄)၌ ကျင်းပ

**မန္တလေး ဇူလိုင် ၂၄**

ကျောင်းသား၊ ကျောင်းသူများ အမှိုက်များကို အမျိုးအစားလိုက် စနစ်တကျ ခွဲခြားစွန့်ပစ်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ အမှိုက်ခွဲခြားစွန့်ပစ်ရေး ပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးယဉ်မောင်ဟိန်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာန၊ ဌာနစုမှူး ဦးဇော်မင်းဦးက အမှိုက်များကို အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်ရေးဆိုင်ရာ နည်းလမ်းများနှင့် စနစ်တကျ စွန့်ပစ်ခြင်း၏ အကျိုးကျေးဇူးများကို အသေးစိတ် ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား အမှိုက်ခွဲခြားစွန့်ပစ်မှုဆိုင်ရာများကို လက်တွေ့လေ့ကျင့်ဆောင်ရွက်စေခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ၏ သိရှိလိုသည့် မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ် ၈)**





# မိတ္တူကူးစက်လှူဒါန်းပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်အတွင်းရှိ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းခွဲသို့ မိတ္တူကူးစက်လှူဒါန်းပွဲကို ဇူလိုင် ၂၃ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါလှူဒါန်းပွဲသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးယဉ်မောင်ဟိန်း၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ ၉၀ ဦး ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင်များအဖြစ် ဦးတူး+ဒေါ်အေးအေးမြင့် လွှတ်တော်ကိုယ်စားလှယ်(PR)၊ ဦးခင်မောင်မြင့်+ဒေါ်တင်ထွေးရီ၊ ဦးတင်လင်း+ဒေါ်နိုင်ဝေဝေဖြိုး၊ (သမီး)မပိုးရတီခေတ်၊ ဦးအောင်စိုးဦး+ဒေါ်ငယ်၊ ဦးနေအောင် မဟာမြိုင်လူမှုကူညီရေးအသင်း၊ ဦးနေမင်းဦး+ဒေါ်ယုယုဇော် ပိတိသုခမိသားစုများမှ စုပေါင်းလှူဒါန်းရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းအုပ်ဆရာမကြီးတို့က လက်ခံရယူပြီး အလှူရှင်များကိုယ်စား ဒေါ်အေးအေးမြင့် လွှတ်တော်ကိုယ်စားလှယ်(PR) မှ လှူဒါန်းရခြင်းအကြောင်း ပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ရွှေက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (ဝ၄ဝ)**

# ကျေးရွာမြေငှားဂရန်စာချုပ်ပေးအပ်ပွဲ ကျင်းပ

**ချောက် ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ မကျီးကန်ကျေးရွာပြည်သူများအား ကျေးရွာမြေငှားဂရန်စာချုပ်ပေးအပ်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်သူများ၏ မြေယာအသုံးပြုခွင့်ကို ဥပဒေနှင့်အညီ ပိုမိုခိုင်မာစေရန်၊ မြေယာစီမံခန့်ခွဲမှုကို စနစ်တကျဖြစ်စေရန်၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးကို အထောက်အကူပြုစေရန်နှင့် ကျေးလက်နေပြည်သူများ ပိုင်ဆိုင်နေထိုင်သည့် အိမ်ခြံမြေကွက်များကို မြေငှားဂရန်ထုတ်ပေးနိုင်ရေး ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ထို့နောက် ကျေးရွာမြေငှားဂရန်စာချုပ်များကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်နှင့် ဦးဝင်းနိုင်ဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် တာဝန်ရှိသူတို့က မကျီးကန်ကျေးရွာပြည်သူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

အဆိုပါမကျီးကန်ကျေးရွာသည် အိမ်ခြေ ၁၁၉၊ ဂရန်ထုတ်ပေးမည့် အရေအတွက် ၁၁၃ ရှိပြီး ဧရိယာစုစုပေါင်း ၁၆ ဒသမ ၃၇ ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**ဝင်းအိမွန်(ပြန်/ဆက်)**

✱-✱-✱-✱-✱



## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၇၀၃)၊ ဦးပိုင်အမှတ်(၉၀-ခ)၊ ၃၃(B) လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝင်းနိုင်(၉/မရမ(နိုင်)၀၃၆၀၈၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၈၀၆)၊ ဦးပိုင်အမှတ်(၆၈-ခ+၆၉-ခ)၊ ၆၂လမ်း၊ ၂၇လမ်းနှင့်၂၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်အောင်၊ ဒေါ်ပြုံး တို့အနက်၊ ခင်ပွန်း ဦးတင်အောင်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၁၂၁/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ဇနီး ဒေါ်ပြုံး(၉/မရမ(နိုင်)၀၅၄၈၂၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၇)၊ ဦးပိုင်အမှတ်(၃၁-ခ)၊ ၆၀(C)လမ်းနှင့်၆၁လမ်းကြား၊ ၁၂၁လမ်းနှင့် ၁၂၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နွယ်နွယ်ဝင်း(၉/ပသက(နိုင်)၀၉၀၉၇၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၇၄)၊ ဦးပိုင်အမှတ်(၃၀+၃၁)၊ ၃၈လမ်းနှင့်၇၅လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝင်းမောင်(၉/မရတ(နိုင်)၀၆၇၈၉၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(န-၃)၊ ဦးပိုင်အမှတ်(၅၁)၊ ၄၁လမ်းနှင့်၄၂လမ်းကြား၊ ၆၂လမ်းနှင့်၆၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြတ်ကျော်(၅/မကန(နိုင်)၀၄၆၆၀၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ) ရပ်ကွက်၊ အကွက်အမှတ်(ပပ-၂၂)၊ ဦးပိုင်အမှတ်(၉၀)၊ ၆၆လမ်းနှင့်၆၇လမ်းကြား၊ ၁၃၅လမ်းနှင့်၁၃၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်မြင့်(၉/မနတ(နိုင်)၀၁၇၂၅၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၄)၊ ဦးပိုင်အမှတ်(၁၀၂-ခ)၊ ၃၆လမ်းနှင့် ၃၇လမ်းကြား၊ ၆၂လမ်းနှင့်၆၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးပြည့်ဖြိုးသန့်(ပါ-၃)ဦးအနက် ဦးပြည့်ဖြိုးအောင်(လူပျိုဘဝ)ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၂၃၉/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဦးပြည့်ဖြိုးသန့်(၉/မကန(နိုင်)၀၈၈၉၅၉)၊ ဒေါ်ပြည့်ဖြိုးအေး(၉/ပကခ(နိုင်)၀၁၁၅၃၆) တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၇)၊ ဦးပိုင်အမှတ်(၁၅)၊ ၁၀၁လမ်းနှင့်၄၃လမ်းကြား၊ ၆၇လမ်းနှင့်၆၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသံချောင်း(၉/မနမ(နိုင်)၀၈၀၂၇၁)၊ ဒေါ်မြစိန်(၉/မနမ(နိုင်)၀၈၀၅၃၄)တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၂၅၅/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကိုလတ်(၉/မကန(နိုင်)၁၇၀၉၅၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၂- က)၊ ၃၉လမ်း၊ ၅၈လမ်းနှင့်၅၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းသန်းသန်းအေး(၁၃/ကမန(နိုင်)၀၁၅၅၈၈)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၁၄၆ /၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ရီရီလွင်(၁၃/လရန(နိုင်)၂၃၃၈၅၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ) ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁)၊ ဦးပိုင်အမှတ်(၁၁၁)ခဲစင်းတောင်ခြမ်း၊ မြောက်ခြမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊ ၁၁၆လမ်းနှင့်၁၁၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရန်အောင်လွင်(၉/မရတ(နိုင်)၀၅၇၂၄၁)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၉)၊ ဦးပိုင်အမှတ်(၃၆-ခ)၊ လမ်း၄၀နှင့်၄၁လမ်းကြား၊ ၅၇လမ်းနှင့် ၅၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ YONE SHWIN(ခ)ဦးရုံးရွှင်(၁/မကတ(ဧည့်)၀၀၀၆၄၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၆)၊ဦးပိုင်အမှတ်(၃၃)၊ ၃၈လမ်းနှင့်၃၉လမ်းကြား၊ ၆၈လမ်းနှင့်၆၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်သန်း၊ ဒေါ်စန်းစန်းဦးတို့အနက် ခင်ပွန်း ဦးခင်မောင်သန်းကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၂၉၃/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီး ဒေါ်စန်းစန်းဦး(၉/မရမ(နိုင်)၀၃၈၉၁၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၄၀)၊ ဦးပိုင်အမှတ်(၄၅)၊ ၅၅လမ်းနှင့်၅၆လမ်းကြား၊ လမ်း၁၄၀နှင့်၁၄၁လမ်းကြားရှိ ဗိုလ်မှူး တင်လှိုင်(ငြိမ်း)အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၃၀၆၂/၂၀၁၀)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်တင်တင်ဝင်း(၉/အမရ(နိုင်)၁၀၁၀၀၈)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၄၉၇/၂၀၁၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မိမိနိုင်(၁/မကတ(နိုင်)၀၂၄၅၉၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁၂)၊ ဦးပိုင်အမှတ်(၇၁)၊ လမ်း ၁၁၀၊ ၆၈လမ်းနှင့်၆၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါက်တာဦးစုလေး(၉/မရမ(နိုင်)၀၁၀၅၈၉)၊ ဒေါ်နုနုရီ(၉/မရမ(နိုင်)၀၁၀၅၄၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(D)၊ ဦးပိုင်အမှတ်(၉)ခဲစင်း၊ ၅၇လမ်း၊ ၁၀၉လမ်းနှင့်၁၁၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နုနု(ပါ-၆)ဦးအနက်၊ ဒေါ်စန်းမြင့်(ပါ-၃)ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ်(၄၁၃၇/၂၀၂၃)ဖြင့် စွန့်လွှတ်ခံရသူများဖြစ်သည့် ဒေါ်နုနု(၉/မရတ(နိုင်)၀၅၉၀၈၈)၊ ဒေါ်ဆွေဆွေ(၉/မရတ(နိုင်)၀၅၉၀၈၁)တို့က လည်းကောင်း၊ ဦးရန်နိုင်အောင်(၉/မရတ(နိုင်)၀၅၉၀၈၃)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၇၀၁/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ကြည်ကြည်နွယ်(၅/ကသန(နိုင်)၀၅၁၅၆၉)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၂)၊ ဦးပိုင်အမှတ်(၃၆)ခဲစင်းအရှေ့ဘက်ခြမ်း၊ ၄၇လမ်းနှင့်၄၈လမ်းကြား၊ ၁၁၁လမ်းနှင့်၁၁၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စိန်ရီ(၉/မရမ(နိုင်)၀၄၃၆၉၃)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(မ-၂၄)၊ ဦးပိုင်အမှတ်(၁-ဌ)၊ ၆၆လမ်းနှင့်၆၇လမ်းကြား၊ ၁၀၁လမ်းနှင့်၁၀၂(A)လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်သန်း(၁၃/လရန(နိုင်)၁၀၅၅၁၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄) ရပ်ကွက်၊ အကွက်အမှတ်(ဃ-၅)၊ ဦးပိုင်အမှတ် (၇၇-က)၊ ၆၄လမ်းနှင့်၆၅လမ်းကြား၊ ၁၁၂လမ်းနှင့် မန္တလေး-လားရှိုးမီးရထားသံလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဟိန်းထက်ကျော်ဦး(၉/အမဇ(နိုင်)၀၃၅၁၅၅)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၂၀၄/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်သန်း(၉/မနမ(နိုင်)၀၁၆၉၈၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၇)၊ ဦးပိုင်အမှတ်(၂၀)၊ ၆၈လမ်းနှင့်၆၉လမ်းကြား၊ ၁၁၄လမ်းနှင့်၁၁၅လမ်းကြားရှိ ဒေါ်ကြည်မြင့် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၂၇၅/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဒေါ်ရီရီချို(၉/မနမ(နိုင်)၀၈၃၈၂၁)၊ ဦးခင်မောင်စိုး(၉/မနမ(နိုင်)၀၈၄၅၈၂)၊ ဦးသန်းစိုး(၉/မနမ(နိုင်)၀၈၄၅၈၁)၊ ဦးမြင့်စိုး(၉/မနမ(နိုင်)၁၀၉၇၉၈)၊ ဦးသန်းထွေး(၉/မနမ(နိုင်)၁၁၀၀၃၆)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ) ရပ်ကွက်၊ အကွက်အမှတ်(ပပ-၂၂)၊ ဦးပိုင်အမှတ်(၈၉)၊ ၆၆လမ်းနှင့်၆၇လမ်းကြား၊ ၁၃၅လမ်းနှင့် ၁၃၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်မြင့်(၉/မနတ(နိုင်) ၀၁၇၂၅၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

